**မုသာဝါဒမပြောခြင်း အစီဥာန်**

*သူများတွေလိမ်ညာပြောနေကြရာမှာ ငါသည်လိမ်ညာမှုကင်းစေရမည်။ိ

ကိလေသာခေါင်းပါးစေသော အကျင့်ကိုကျင့်ပါမည် (သလ္လေခဝါရ)

*ဒီလိုစိတ်ကောင်းမျိုးဖြစ်စေရမည်။ (စိတ္တုပ္ပါဒဝါရ)

*လိမ်ညာမှုကို သစ္စာစကားဖြင့်ရှောင်လွှဲမည်။ (ပရိက္ကမနဝါရ)

*သစ္စာစကားဖြင့်အဆင့်အတန်း မြင့်တက်စေရမည်။(ဥပရိဘာဂဝါရ)

*လိမ်ညာမှုကိလေသာမီးကို သစ္စာစကားဖြင့် ငြိမ်းသတ်မည်။ (ပရိနိဗ္ဗာနဝါရ)

**မုသာဝါဒ အပြစ်နှင့်အကျိုး**

လိမ်ညာပါယ်ကျ လူဖြစ်ကျ ခံရစွပ်စွဲများ။

ခံတွင်းမွှေးစွာ သွားညီညာ လိုက်နာသူ့စကား။

အတွေ့ကောင်းသည် ဣန္ဒြေတည် စိတ်တည်လျှာနုပါး။

လုံးရပ်ညီညာ ပြောချိုသာ မုသာရှောင်ကျိုးများ။

**တစ်ထောင်စီတန်ဖိုးထိုက်သော တရားလေးပုဒ်**

၁။ သပ္ပုရိသ တစ်ကြိမ်မျှ တွေ့ကစောက်ရှောက်သည်။

သူယုတ်မာကား အကြိမ်များ တွေ့ငြားမစောင့်ပြီ။

၂။ သူတော်ကောင်းသာ ပေါင်းသင်းရာ မှန်စွာကျိုးရှိသည်။

သူတော်ကောင်းတရား သိမြင်ငြား တိုးပွါးမြင့်မြတ်သည်။

၃။ မင်းစီးရထား လွန်ဆန်းပြား အိုသွားကြလေသည်။

ခန္ဓာကိုယ်လဲ နည်းတူပဲမလွဲအိုရသည်။

သူတော်ကောင်းများ သိတရား အိုသွားမရှိပြီ။

၄။ မိုးကောင်းကင်မှာ မြေကမ္ဘာ မှန်စွာဝေးလှသည်။

သမုဒ္ဒရာ ဟိုကမ်းဟာ ဝေးကွာလှချေသည်။

သူတော်သူညစ် တရားနှစ်စင်စစ်ဝေးလှသည်။

(၅၃၇ မဟာသုတေသောမဇာတ်၊၄၃းမ၊၄၉၅)